**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

**မြန်မာ့မီးရထား**

**ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်**

**ရင်းနှီးမြှုပ်နှံလိုသူများ၏ အဆိုပြုလွှာများကို ဖိတ်ခေါ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကို ရှေးရှု၍ စီမံကိန်း/အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်လျက်ရှိသည့်ရည်မှန်းချက်နှင့်အညီ မြန်မာ့ မီးရထားသည် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေကို မဟာရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ အရေး ပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ၂၅.၃ဟက်တာ(၆၂.၄၈ဧက)ပေါ်တွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော အထပ်မြင့် အဆောက်အဦများ၊ ဟိုတယ်နှင့် စီးပွားရေးလုပ်ငန်းများ ပါဝင်မည့် စီမံကိန်းတစ်ရပ်ကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ မြန်မာ့မီးရထားသည် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ဖွံ့ဖြိုးရေးစီမံကိန်းအား အနာဂါတ်ရည်မှန်းချက် များနှင့်အညီ ပြီးပြည့်စုံသောဖွံ့ဖြိုးတိုးတက်မှု ဖြစ်လာစေရေးအတွက် ဒီဇိုင်းပုံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်း လည်ပတ်လုပ်ကိုင်လွှဲပြောင်းခြင်း စသည်များအတွက် မြန်မာ့မီးရထားနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံလိုသူ

ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက်(Expression of Interest) (**EOI**) အဆိုပြုလွှာများ ပေးပို့တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပြုလွှာ(**EOI**)ပုံစံကို ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန)၊ မြန်မာ့မီးရထား၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင်ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသူများသည် (EOI)မူရင်း၊ မိတ္တူ (၁)စုံနှင့် CD Copy (၁)စုံကို အထက်ပါလိပ်စာသို့ ၂၀၁၄ ခုနှစ်၊ မေလ ၂၆ ရက်(၁၄:၀၀ နာရီ)၊ နောက်ဆုံးထား၍ ပေးပို့ တင်ပြရမည်ဖြစ်ပါသည်။(E-mail ဖြင့် ပေးပို့တင်ပြခြင်းကို **လုံးဝ** လက်ခံ စဉ်းစားမည်မဟုတ်ပါ)

၄။ ရန်ကုန်ဘူတာကြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည့် အချက်အလက်များနှင့် လုပ်ငန်း အဆိုပြု လျှောက်လွှာ နမူနာပုံစံများကို www.yangonrailwaystation.com.mm website တွင်လေ့လာနိုင်ပါသည်။ E-mail - yrsdev@yangonrailwaystation.com.mm နှင့် ဖုန်းနံပါတ်- +၉၅- ၁-၃၉၃၄၂၄၊ ၂၉၁၉၈၅/ ၂၉၁၉၉၄ ထံသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာမီးရထား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန